လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက် လက်စွဲ

# MiCare Keys to Safety အစီအစဉ် ၂၀၂၆




## MiCare မှ မိတ်ဆက်စကား

ဤထုတ်ပြန်ချက်လက်စွဲကို ၂၀၂၆ ခုနှစ် Keys to Safety အစီအစဉ်တွင် ပါဝင်သူများအတွက် MiCare မှ စုစည်းပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းအချို့ ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများမှ အဓိကအချက်အလက်များကို စုစည်းထားပါသည်။ ၎င်းသည် ၂၀၂၆ ခုနှစ်၊ ဇွန်လအထိ တိကျမှန်ကန်ပါသည်။

ဤလက်စွဲပါ သတင်းထုတ်ပြန်ချက်များ၏မည်သည့်အချက်မျှ ဥပဒေဆိုင်ရာအကြံပြုချက် မဟုတ်ကြောင်း သတိပြုပါ။ လိုအပ်ပါက သင့်အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရန် သက်ဆိုင်ရာအဖွဲ့အစည်းထံ ဆက်သွယ်ပါ။

ဤ 'Keys to Safety' အစီအစဉ်အတွက် ရန်ပုံငွေပံ့ပိုးပေးခဲ့သော Transport Accident Commission (TAC) အား ကျေးဇူးတင်ရှိပါသည်။ ဤအစီအစဉ်အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်တင်ပြပေးခဲ့ကြသော ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ယာဉ်မောင်းသင်ကြားသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိအပ်ပါသည်။ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများ လေ့လာသင်ယူရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စိတ်အားထက်သန်မှု ပြသခဲ့ကြသည့် ပါဝင်သူအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

### ခြုံငုံသုံးသပ်ချက်

- **လမ်းဘေးကင်းရေးနှင့် ပတ်သက်သည့် အဖြစ်များအန္တရာယ်များ**
  လမ်းပန်းဆက်သွယ်ရေး မတော်တဆမှုကော်မရှင်
- **ကားပိုင်ဆိုင်မှု ကုန်ကျစရိတ်**
- **ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်ကြွခိုင်မှု**
  South-East Monash Legal Service
- **ယာဉ်မောင်းလိုင်စင်အတွက် စီစဉ်ခြင်း**
  South-East Monash Legal Service
- **ဗစ်တိုးရီးယားပြည်နယ်တွင် ဘေးကင်းစွာ ယာဉ်မောင်းနှင်ခြင်း**
  West Justice
- **အာမခံအကြောင်း နားလည်ခြင်း**
  West Justice
- **ကလေးကားထိုင်ခုံ ဘေးကင်းရေး**
  Starting out Safely
- **ကလေးများကို ကားအတွင်း တစ်ယောက်တည်း ဘယ်တော့မှ မထားခဲ့ပါနှင့်**
  Starting out Safely

### လမ်းပန်းဆက်သွယ်ရေး မတော်တဆမှုကော်မရှင် - လမ်းဘေးကင်းရေးနှင့် ပတ်သက်သည့် အဖြစ်များအန္တရာယ်များ

**ပင်ပန်းနွမ်းနယ်ခြင်း**

အိပ်ရေးပျက်နေချိန်တွင် ယာဉ်တိုက်မှု၌ ပါဝင်မိနိုင်ခြေမှာ သိသိသာသာ မြင့်တက်လာပါသည်။

ဥပမာအားဖြင့်၊ ၈ နာရီကြာ အိပ်စက်ထားခြင်းနှင့်နှိုင်းယှဉ်ပါက သင် ၅ နာရီအောက်သာ အိပ်စက်ထားပါက ယာဉ်မတော်တဆမှု ဖြစ်ပွားနိုင်ခြေ ၄ ဆ ပိုများပါသည်။

**ကားမမောင်းမီ သင်လုပ်ဆောင်နိုင်သည်များ -**

- ညဘက်တွင် ကောင်းမွန်စွာ အိပ်စက်အနားယူပါ - အကောင်းဆုံးမှာ နှောင့်ယှက်မှုမရှိဘဲ ကောင်းမွန်စွာဖြင့် ၈ နာရီကြာ အိပ်စက်ခြင်းဖြစ်ပြီး ပုံမှန်အားဖြင့် သင်အိပ်စက်လေ့ရှိသောအချိန်များတွင် ကားမောင်းခြင်း ရှောင်ကြဉ်ပါ။
- အိပ်ရေးပျက်လွန်းခြင်း သို့မဟုတ် အလွန်ပင်ပန်းနွမ်းနယ်ခြင်းဖြစ်နေပါက ကောင်းစွာ အနားယူပြီးမှသာ ကားမောင်းပါ၊ သို့မဟုတ်ပါက အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ အငှားကား သို့မဟုတ် ride-sharing ဝန်ဆောင်မှုကဲ့သို့သော အခြားနည်းလမ်းများကို အသုံးပြုပါ။
- ခရီးဝေးများအတွက် ၂ နာရီတစ်ကြိမ် ကားမောင်းခေတ္တရပ်နားပြီး အနားယူရန် စီစဉ်ပါ။ ဖြစ်နိုင်ပါက တခြားတစ်ယောက်နှင့် အလှည့်ကျမောင်းပါ။
- ကားမောင်းနေစဉ် ပင်ပန်းသလို ခံစားရခြင်း၊ သို့မဟုတ် မကြာခဏ သမ်းဝေခြင်း၊ ကားလမ်းကြောင်းမှ ယိမ်းသွားခြင်း၊ အာရုံစိုက်ရခက်ခြင်း၊ မျက်လုံးဖွင့်ထားရန် ခက်ခြင်းစသည့် သတိပေးလက္ခဏာများ ခံစားရပါက ဘေးကင်းသောနေရာတွင် ကားရပ်တန့်ပြီး ၁၅ မိနစ်မှ မိနစ် ၂၀ ခန့် ခေတ္တအိပ်စက်အနားယူကာ ကော်ဖီ သို့မဟုတ် ကဖင်းဓာတ်ပါဝင်သော အဖျော်ယမကာတစ်မျိုးကို သောက်သုံးပါ။

## အရှိန်လွန်မောင်းခြင်း

သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း သို့မဟုတ် အရှိန်လွန်မောင်းနှင်ခြင်းသည် ပြင်းထန်သော ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

သတ်မှတ်အမြန်နှုန်းထက် တစ်နာရီလျှင် ကီလိုမီတာအနည်းငယ်မျှ ပိုမိုမောင်းနှင်ရုံဖြင့်ပင် ပြင်းထန်သော ယာဉ်မတော်တဆမှုတွင် ပါဝင်မိနိုင်ခြေကို များစွာမြင့်တက်စေပါသည်။

အရှိန်ပိုမြန်မြန်မောင်းလေလေ၊ တစုံတရာဖြစ်လာသည့်အခါ တုံ့ပြန်ဆောင်ရွက်ရန်နှင့် အရှိန် သတ်ရပ်တန့်ရန် အချိန်ပိုမိုနည်းပါးလေလေ ဖြစ်ပါသည်။ ထို့ကြောင့် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းသည် ယာဉ်တိုက်မှုဖြစ်ပွားနိုင်ခြေကို ပိုမိုများပြားစေပါသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းက ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ ထိခိုက်ပျက်စီးမှုကိုလည်း ပိုမိုဆိုးရွားစေပါသည်။

ဗစ်တိုးရီးယားရဲတပ်ဖွဲ့နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးကင်မရာ ထောင်ပေါင်းများစွာတို့သည် ဗစ်တိုးရီးယားပြည်နယ်တစ်ဝန်းလုံးတွင် ယာဉ်မောင်းနှင်မှု အမြန်နှုန်း ကန့်သတ်ချက်လိုက်နာစေရန် ဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ပါက သင် ဖမ်းဆီးမိနိုင်ခြေရှိပါသည်။

### အရှိန်လွန်မောင်းနှင်ခြင်းကို ရှောင်ရှားရန် အကြံပြုချက်များ -

- အမြန်နှုန်းကန့်သတ်ချက်အတွင်းတွင် အမြဲမောင်းနှင်ပါ။
- ထို့ပြင် လမ်းအခြေအနေနှင့် လိုက်လျောညီထွေစွာ မောင်းနှင်ပါ။ ၎င်းတွင် လမ်းကျဉ်းများ၊ လမ်းစိုစွတ်နေခြင်း သို့မဟုတ် ရေခဲနေခြင်းနှင့် ရှင်းလင်းစွာ မမြင်ရသည့် အခြေအနေမျိုးတို့တွင် ယာဉ်မောင်းနှင်နှုန်းကို လျှော့ချခြင်းတို့သာမက အခြားတို့လည်း ပါဝင်နိုင်သည်။

## အရက်သောက်ပြီး ယာဉ်မောင်းနှင်ခြင်း

အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်းသည် လမ်းပေါ်တွင် ဖြစ်ပွားသော ထိခိုက်ဒဏ်ရာရမှုများ၏ အဓိကအကြောင်းရင်းတစ်ခုအဖြစ် ဆက်လက် ရှိနေပါသည်။ အရက်သေစာ သောက်စားထားပြီး ယာဉ်မောင်းနှင်ခြင်းသည် ခံစားသိမြင်နိုင်စွမ်း၊ အမြင်အာရုံ၊ အာရုံစူးစိုက်နိုင်စွမ်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်သည့် အချိန်တို့ကို ထိခိုက်စေသည့်အပြင် ငိုက်မျဉ်းခြင်းကိုလည်း ဖြစ်ပေါ်စေပြီး၊ ဤအချက်များအားလုံးသည် ယာဉ်တိုက်မှုဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပါသည်။

ယာဉ်မောင်းလိုင်စင်အပြည့်ရှိ ယာဉ်မောင်းသူများ (နှင့်ဆိုင်ကယ်စီးသူများ) အနေဖြင့် သွေးတွင်းအရက်ပါဝင်မှုပမာဏ (BAC) ၀.၀၅ သို့မဟုတ် ပိုမိုများပြီး ယာဉ်မောင်းနှင်နေစဉ် ဖမ်းဆီးခံရပါက ပြင်းထန်သောပြစ်ဒဏ်များ ရရှိနိုင်သည်။

သင်မောင်းနှင့် စမ်းသပ်ကာလယာဉ်မောင်းများအနေဖြင့် BAC ပမာဏ ၀.၀၀ (ခန္ဓာကိုယ်အတွင်း အရက်ပါဝင်မှု လုံးဝမရှိခြင်း) ရှိရပါမည်။

ဗစ်တိုးရီးယားရဲတပ်ဖွဲ့သည် နှစ်စဉ် အလျဉ်းသင့်သလို ပါးစပ်မှ စစ်ဆေးမှုပေါင်း သန်းနှင့်ချီ၍ ပြုလုပ်လျက်ရှိသည်။ ဥပဒေအရ သတ်မှတ်သည်ထက် ပိုမိုများပြားသော BAC ရှိနေသည်ကို တွေ့ရှိပါက ပြစ်ဒဏ်များမှာ အလွန်ပြင်းထန်ပါသည် -

အနည်းဆုံး ပြစ်ဒဏ်များအနေဖြင့် ယာဉ်မောင်းလိုင်စင်ကို ၃ လကြာ ဆုံးရှုံးခြင်းနှင့် ငွေဒဏ်ပေးဆောင်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး၊ ထို့အပြင် အပြုအမူ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ပြီးဆုံးသည အထိ တက်ရမည်၊ မိမိစရိတ်ဖြင့် ယာဉ်တွင် 'interlock' တပ်ဆင်ရမည်ဖြစ်ကာ ၃ နှစ်တာကာလအတွင်း BAC ကို ၀.၀၀တွင် ထိန်းထားရမည်။

BAC သည် ၀.၀၅ ရှိသည်၊ ထိုထက် ကျော်လွန်သည် သို့မဟုတ် လျော့နည်းသည်ကို သိနိုင်ရန် အလွန်ခက်ခဲပါသည်။ ဥပဒအရ သတ်မှတ်ထားသည့်ကန့်သတ်ပမာဏထက် မကျော်လွန်ကြောင်း သေချာနိုင်မည့် တစ်ခုတည်းသောနည်းသည် အရက်သောက်ခြင်းနှင့် ယာဉ်မောင်းနှင်ခြင်းကို လုံးဝခွဲခြားထားခြင်းသာ ဖြစ်ပါသည်။

### သင်လုပ်ဆောင်နိုင်သည်များ

အရက်သောက်ရန် စီစဉ်ထားပါက ကားမမောင်းပါနှင့်။

အရက်သောက်သုံးဖြစ်ပါက အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ အငှားကား သို့မဟုတ် စီးနင်းမှုမျှဝေသုံးစွဲသည့် လုပ်ငန်းများကို အသုံးပြုပါ။ သင်အနေဖြင့် သီးသန့် ကားမောင်းသူ (ဥပမာ - အရက်မသောက်ဘဲ ကားမောင်းပေးနိုင်သူ) ကိုလည်း စီစဉ်ထားနိုင်ပါသည်။

## မူးယစ်ဆေးဝါးသုံးစွဲပြီး ယာဉ်မောင်းနှင်ခြင်း

တရားမဝင်မူးယစ်ဆေးဝါးများနှင့် ဆရာဝန်ညွှန်ကြားချက်ဖြင့် သောက်သုံးရသော ဆေးဝါးများ နှစ်မျိုးစလုံးသည် ဘေးကင်းစွာ မော်တော်ယာဉ်မောင်းနှင်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ တရားမဝင်မူးယစ်ဆေးဝါး သို့မဟုတ် ဆရာဝန်ညွှန်ကြားချက်ဖြင့် သောက်သုံးရသော ဆေးဝါးများ၏ အာနိသင်သက်ရောက်နေစဉ် ကားမောင်းနှင်ပါက သင်ကိုယ်တိုင်နှင့် လမ်းပေါ်ရှိ အခြားသူများအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်ပါသည်။

ဗစ်တိုးရီးယားရဲတပ်ဖွဲ့သည် ပြည်နယ်တစ်ဝန်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ၊ မရှိ အလျဉ်းသင့်သလို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ သင့်ခန္ဓာကိုယ်ထဲတွင် မူးယစ်ဆေးဝါးများ ရှိနေသည်ကို တွေ့ရှိပါက ပြင်းထန်သော ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ယာဉ်မောင်းနှင်စဉ် မူးယစ်ဆေးဝါးသုံးစွဲခြင်းတွင် ဘေးကင်းသည်ဟု သတ်မှတ်နိုင်သော ပမာဏဟူ၍ မရှိပါ။ မည်သည့်ဆေးဝါး အသုံးပြုခြင်းမဆို အမြဲတမ်း အန္တရာယ်အချို့ ရှိနေတတ်ပါသည်။

### သင်လုပ်ဆောင်နိုင်သည်များ

ကားမောင်းရန် ရည်ရွယ်ထားပါက သင့်ခန္ဓာကိုယ်ထဲတွင် မူးယစ်ဆေးဝါးများ လုံးဝမရှိစေခြင်းသည် ဘေးအကင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

## အာရုံလွှင့်ပါးစေသောအရာများ (ဖုန်းများ)

ကားမောင်းနေစဉ် မိုဘိုင်းဖုန်းများသည် သင့်အာရုံကို လမ်းလွဲစေနိုင်ပြီး၊ ယင်းက ပြင်းထန်သော ယာဉ်မတော်တဆမှု ဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေပါသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ယာဉ်မောင်းနှင်နေစဉ်အတွင်း မိုဘိုင်းဖုန်း သို့မဟုတ် စက်ပစ္စည်း အသုံးပြုနည်း သို့မဟုတ် အသုံးပြုခွင့်ရှိ၊ မရှိ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများ ရှိပါသည်။

သင့်လိုင်စင်အမျိုးအစားအတွက် မိုဘိုင်းဖုန်းနှင့် အီလက်ထရွန်နစ်စက်ပစ္စည်းများ အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းများကို သိရှိထားပါ။ အသေးစိတ်ထုတ်ပြန်ချက်များကို ဤနေရာတွင် ရှာဖွေနိုင်ပါသည် -

transport.vic.gov.au/road-and-active-transport/road-rules-and-safety/mobile-phones-and-devices

ဗစ်တိုးရီးယားရဲတပ်ဖွဲ့နှင့် မိုဘိုင်းဖုန်းအသုံးပြုမှုဖော်ထုတ်နိုင်သည့် ကင်မရာကွန်ရက်တို့သည် ဗစ်တိုးရီးယားပြည်နယ်တစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိသည်။

**ဗစ်တိုးရီးယားပြည်နယ်တွင် ယာဉ်မောင်းနှင်နေစဉ် မိုဘိုင်းဖုန်းကို တရားမဝင် အသုံးပြုသည်ဟု တွေ့ရှိပါက $၆၂၇ ဒဏ်ငွေပေးဆောင်ရခြင်းနှင့် အမှတ်လျှော့ပြစ်ဒဏ်၄ မှတ် ရရှိခြင်းတို့ကဲ့သို့သော ပြင်းထန်သည့် ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။**

### အာရုံလွှင့်ပါးစေမည့်အရာများကို ရှောင်ရှားခြင်း

- ကားမောင်းနေစဉ် ဖုန်းကြောင့် အာရုံမပျံ့လွင့်စေရန် 'Do Not Disturb While Driving' ကို အသုံးပြုပါ။
- သို့မဟုတ်ပါက ကားမောင်းနေစဉ် ဖုန်းကို အသံတိတ်ထားပါ သို့မဟုတ် လက်လှမ်းမမီသောနေရာတွင် ထားရှိပါ။
- ကားမောင်းနေစဉ် အာရုံစိုက်ရန် အခက်အခဲရှိနေပါက ဘေးကင်းစွာဖြင့် ကားကိုရပ်တန့်ပြီး ခေတ္တအနားယူပါ။



## လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထပ်ဆောင်းထုတ်ပြန်ချက်များ -

### ထိုင်ခုံခါးပတ်များ

ယာဉ်တိုက်မှုဖြစ်သည့်အခါ သို့မဟုတ် ယာဉ်ရုတ်တရက် ရပ်တန့်သည့်အခါတွင် ယာဉ်စီးနင်းသူများကို ကာကွယ်ပေးရာ၌ ထိုင်ခုံခါးပတ်ပတ်ထားခြင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။

ထိုင်ခုံခါးပတ်များ တပ်ဆင်ထားသော ကား၊ ထရပ်ကားနှင့် ဘတ်စ်ကားများတွင် စီးနင်းသူများအနေဖြင့် ထိုင်ခုံခါးပတ်ကို ဝတ်ဆင်ထားရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားပါသည်။

ယာဉ်မောင်းသူသည် ထိုင်ခုံခါးပတ်ကို ဝတ်ဆင်ရမည်ဖြစ်ပြီး ကလေးငယ်များအပါအဝင် ယာဉ်ပေါ်ပါသူအားလုံး ထိုင်ခုံခါးပတ်ကို စနစ်တကျ ဝတ်ဆင်ထားကြရမည်။


ယာဉ်မောင်းသူကိုယ်တိုင် သို့မဟုတ် ယာဉ်ပေါ်ပါလာသူတစ်ဦးဦးက ထိုင်ခုံခါးပတ် မပတ်ထားပါက ယာဉ်မောင်းသူအနေဖြင့် ငွေဒဏ်ကျခံရနိုင်ပါသည်။

အသက် ၁၆ နှစ်နှင့်အထက် ခရီးသည်များသည် ထိုင်ခုံခါးပတ် မပတ်ပါက ဒဏ်ငွေပေးဆောင်ရနိုင်သည်။

ထိုင်ခုံခါးပတ်တစ်ခုစီကို လူတစ်ဦးအတွက်သာ အသုံးပြုနိုင်ပါသည်။ ၎င်းတို့ကို မျှဝေသုံး၍မရပါ။ ထိုင်ခုံခါးပတ်ဆိုင်ရာ ဥပဒေများထုတ်ပြန်ချက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

transport.vic.gov.au/road-and-active-transport/road-rules-and-safety/seat-belts

ထိုင်ခုံခါးပတ်ကို မှန်ကန်စွာ ဝတ်ဆင်နည်းမှာ အောက်ပါအတိုင်းဖြစ်သည် -:




ဗစ်တိုးရီးယားပြည်နယ်တစ်ဝန်းလုံးတွင် ဗစ်တိုးရီးယားရဲတပ်ဖွဲ့နှင့် ထိုင်ခုံခါးပတ် ဝတ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးသည့် ကင်မရာများ လုပ်ဆောင်လျက်ရှိပါသည်။ .

**ခါးပတ်မပတ်ထားသည် သို့မဟုတ် ခါးပတ်ကို မှန်ကန်စွာမပတ်ထားသည်ကို တွေ့ရှိပါက လက်ရှိသတ်မှတ်ပြစ်ဒဏ်များမှာ အမှတ်လျှော့ခံရခြင်း ၃ မှတ်နှင့် ဒဏ်ငွေ $၄၁၈ ပေးဆောင်ရခြင်းတို့ဖြစ်သည် (၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ)။ )**

## ကားပိုင်ဆိုင်မှု ကုန်ကျစရိတ်

### ချေးငွေများ။

### ဘဏ်ကားချေးငွေများ

ဩစတြေးလျ ဘဏ်ကားချေးငွေများသည် ယေဘုယျအားဖြင့် နှစ်မျိုးရှိသည် -

- အတိုးနှုန်းသက်သာစေရန် ကားကို အာမခံအဖြစ်အသုံးပြုသည့် အာမခံပါချေးငွေများ
- ပိုမိုပြောင်းနိုင်ပြင်နိုင်ရှိသော်လည်း အတိုးနှုန်းပိုမိုမြင့်မားသည့် အာမခံမပါကိုယ်ရေးကိုယ်တာချေးငွေများ

ဘဏ်ကြီးအများစုသည် ၁ နှစ်မှ ၇ နှစ်ကာလကြာ ပုံသေအတိုးနှုန်းကားချေးငွေများကို ပေးပါသည်။

အာမခံပါကားချေးငွေများ တစ်နှစ်လျှင် ၇.၄၉% အာမခံမပါကားချေးငွေများ - တစ်နှစ်လျှင် ၈.၀၉% Reserve Bank of Australia မှ အခကြေးငွေများနှင့် ကောက်ခံငွေများကို မှတ်တမ်းတင်ထားပါသည်။

### လစာထုတ်ရက် ငွေချေးသူများ

လစာထုတ်ရက်ချေးငွေ (သို့မဟုတ် ချေးငွေပမာဏအနည်းငယ်) ဆိုသည်မှာ ကုန်ကျစရိတ်မြင့်မားပြီး ကာလတို အာမခံမပါသောချေးငွေ ဖြစ်သည်။

အရေးပေါ်ကိစ္စရပ်များအတွက် ငွေသားကို လျင်မြန်စွာ ရနိုင်သော်လည်း ၎င်းတို့တွင် ၂၀% အထိ မြင့်မားသော အခကြေးငွေများ

နှင့်

လစဉ် ၄%နှုန်း ပါလေ့ရှိသဖြင့် ၎င်းတို့သည် စရိတ်များသောငွေချေးမှု ဖြစ်ပြီး ကြွေးမြီထောင်ချောက်များထဲသို့ ရောက်စေနိုင်ပါသည်။

လစာထုတ်ရက်ချေးငွေများထက် Centrelink ကြိုထုတ်ငွေများ၊ အတိုးမဲ့ချေးငွေများ (NILs) သို့မဟုတ် လစာအကျိုးခံစားခွင့်ကဲ့သို့သော ရွေးချယ်ရန်များကို ယေဘုယျအားဖြင့် ပိုမိုအကြံပြုလေ့ရှိပါသည်။

### ကားများအတွက် အတိုးမဲ့ချေးငွေ

မရှိမဖြစ်လိုအပ်ချက်အရ  $၅,၀၀၀အထိ ကားဝယ်ယူခြင်း။

ထိုချေးငွေများတွင် အတိုးနှုန်း ၀% ရှိပြီး အခကြေးငွလည်း မရှိပါ။

ရနိုင်ခွင့် သတ်မှတ်ချက်များ -

တစ်နှစ်ဝင်ငွေ $၇၀,၀၀၀ အောက် ရရှိခြင်း (အခွန်မဆောင်မီ)

သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုကတ် သို့မဟုတ် ပင်စင်ကတ် ရှိခြင်း

သို့မဟုတ် လွန်ခဲ့သော ၁၀ နှစ်အတွင်း မိသားစု သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှုကြုံတွေ့ခဲ့ရခြင်း

အပြင် သင်သည် ချေးငွေပြန်ဆပ်နိုင်စွမ်းရှိကြောင်းကို ပြသနိုင်ရမည်။

**ကားများအတွက် အတိုးမဲ့ချေးငွေ လျှောက်ထားနိုင်ခွင့် ရှိ၊ မရှိ သိရှိလိုပါက 1300 645 748 သို့ ဖုန်းခေါ်ပါ။**

Good Shepherd Dandenong မှ ပံ့ပိုးကူညီထားပါသည်။

### ဗစ်တိုးရီးယားပြည်နယ်တွင် ယာဉ်မှတ်ပုံတင်ခြင်းနှင့် TAC ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုဆိုင်ရာ အာမခံ

**VicRoads ဘာသာစကားဆိုင်ရာ ထုတ်ပြန်ချက်များ**

https://www.vicroads.vic.gov.au/ စာမျက်နှာ၏ အပေါ်ညာဘက်ထောင့်တွင် သင့်ဘာသာစကားကို ရွေးပါ

### မှတ်ပုံတင်ကြေးနှင့် ငွေပေးချေမှုနည်းလမ်းများ

ယာဉ်မှတ်ပုံတင်ကြေးများသည် တည်နေရာနှင့် ငွေပေးချေသည့် အကြိမ်ပေါ် မူတည်၍ ကွာခြားမှုရှိပြီး မြို့ပြနေရာများတွင် ပိုမိုများပြားပါသည်။

### ယာဉ်မှတ်ပုံတင်ခြင်း၏ ဥပဒေအရ အရေးပါမှု

ယာဉ်မှတ်ပုံတင်ခြင်းမရှိဘဲ မောင်းနှင်ခြင်းသည် ငွေဒဏ်နှင့် တရားဥပဒေအရ အရေးယူခံရမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်တမ်းကို အချိန်မီတိုးမြှင့်ထားရှိရန် အရေးကြီးပါသည်။

### TAC (လမ်းပန်းဆက်သွယ်ရေး မတော်တဆမှုကော်မရှင်) အာမခံ၏ အခန်းကဏ္ဍ

TAC သည် လမ်းပန်းဆက်သွယ်ရေးမတော်တဆမှုများအတွက် ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးစရိတ်များအား အကျုံးဝင်စေသည့် မဖြစ်မနေရှိရမည့် ထိခိုက်ခံရသူ ဒဏ်ရာအာမခံကို ပံ့ပိုးပေးပါသည်။

TAC အနေဖြင့် ယာဉ် သို့မဟုတ် ပစ္စည်းဥစ္စာ ထိခိုက်ပျက်စီးမှုများအတွက် မပေးသောကြောင့် အပြည့်အဝကာကွယ်မှုအတွက် နောက်ထပ်အာမခံ ထပ်မံထားရှိရန် လိုအပ်ပါသည်။



## ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်ကြံ့ခိုင်မှု – South-East Monash Legal Service

### ယာဉ်မှတ်ပုံတင်ခြင်း

ဗစ်တိုးရီးယားပြည်နယ်ရှိလမ်းများတွင် မောင်းနှင်ရန်အတွက် ကားများကဲ့သို့သော မော်တော်ယာဉ်အားလုံးကို မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။

သင့်ကားကို မှတ်ပုံတင်ရန် VicRoads သို့ သွားရပါမည်။ ၎င်းသည် ယာဉ်မောင်းလိုင်စင်အတွက် သင်သွားရောက်လေ့ရှိသည့် နေရာပင် ဖြစ်ပါသည်။

ကားကို သင့်ကိုယ်ပိုင်အမည်ဖြင့် မှတ်ပုံတင်နိုင်သော်လည်း ကားကို လူတစ်ဦးထက်ပို၍ မှတ်ပုံတင်၍ မရပါ။

သင့်ကား၏ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသွားပါက ကားကို မမောင်းနှင်ရပါ။

မှတ်ပုံတင်မထားသော ယာဉ်ကို မောင်းနှင်ခြင်းသည် ဥပဒေအရ တရားမဝင်ပါ။

### ယာဉ်ကြံ့ခိုင်မှုလက်မှတ်

ဗစ်တိုးရီးယားပြည်နယ်တွင် ကားရောင်းသည့်အခါ သို့မဟုတ် ကားဟောင်းပြန်လည်မှတ်ပုံတင်သည့်အခါ ကား၏ကြံ့ခိုင်ကောင်းမွန်မှုဆိုင်ရာလက်မှတ် လိုအပ်ပါသည်။

ယာဉ်ကြံ့ခိုင်မှုလက်မှတ် ရရှိရန်အတွက်၊ ကား၏ အရေးကြီးသော အစိတ်အပိုင်းများ ကောင်းမွန်စွာ အလုပ်လုပ်နေခြင်းနှင့် မောင်းနှင်ရန် ဘေးကင်းမှုရှိခြင်းတို့ကို သေချာစေရန် စစ်ဆေးမှုများ ပြုလုပ်ရပါသည်။

ကားတစ်စီးတွင် ယာဉ်ကြံ့ခိုင်မှုလက်မှတ်ရှိရုံမျှဖြင့် ထိုကားသည် အကောင်းဆုံးအခြေအနေတွင် ရှိနေသည်ဟု မဆိုလိုသလို၊ ဘေးကင်းမှုနှင့် တိုက်ရိုက်မသက်ဆိုင်သော အခြားအစိတ်အပိုင်းများ (ဥပမာ - လေအေးပေးစက် သို့မဟုတ် လေကာမှန်သုတ်တံများ) ကောင်းမွန်စွာ အလုပ်လုပ်နေသည်ဟုလည်း မဆိုလိုပါ။

**howsafeisyourcar.com.au သည် ယာဉ်ဘေးကင်းမှုအကြောင်း အမှီအခိုကင်းရှင်းသော**

**howsafeisyourcar.com.au** သည် ယာဉ်ဘေးကင်းမှုအကြောင်း အမှီအခိုကင်းရှင်းသော သတင်းထုတ်ပြန်ချက်များကို သုံးစွဲသူများအား ပံ့ပိုးပေးသည့် TAC ၏ အွန်လိုင်းအရင်းအမြစ် ဖြစ်ပါသည်။ အဆိုပါ ဝက်ဘ်ဆိုက်တွင် Australasian New Car Assessment Program (ANCAP) နှင့် Used Car Safety Ratings (UCSR) တို့ကို ဖော်ပြထားပါသည်။

## ယာဉ်မောင်းလိုင်စင်ရရှိရေးအတွက် စီစဉ်ခြင်း - လေ့ကျင့်ခြင်းနှင့် ဖြေဆိုရန် ရက်ချိန်းယူခြင်း - South-East Monash Legal Service

### အန္တရာယ်စစ်ဆေးမှု

ဖြေဆိုနေစဉ်အတွင်း ယာဉ်မောင်းထိုင်ခုံမှ ရိုက်ကူးထားသည့် စက္ကန့် ၃၀ ကြာ ဗီဒီယိုတို ၂၈ ခုကို သင်ကြည့်ရှုရပါမည်။ ဗီဒီယိုတစ်ခုချင်းစီအတွက်၊ သင်ကိုယ်တိုင် ယာဉ်မောင်းဖြစ်နေချိန်တွင် တုံ့ပြန်ဆောင်ရွက်ပုံကို ပြသရပါမည်။ ဥပမာအားဖြင့်၊ သင်သည် အရှိန်လျှော့ခြင်း၊ ကျော်တက်ခြင်း သို့မဟုတ် ဘာမျှမလုပ်ဘဲနေခြင်းတို့ ပြုလုပ်ရမည်။ ဖြေဆိုပြီးစီးရန် သင့်တွင် အချိန် ၄၅ မိနစ်ရှိပြီး အောင်မြင်ရန်အတွက် အနည်းဆုံး ၅၄% ရရှိရန် လိုအပ်ပါသည်။

### ယာဉ်မောင်းစစ်ဆေးမှု

ဥပဒေဆိုင်ရာ ဗဟုသုတစစ်ဆေးမှုနှင့် အန္တရာယ်သတိပြုမိနိုင်စွမ်း စစ်ဆေးမှုတို့ကို အောင်မြင်ပြီးပါက ယာဉ်မောင်းစစ်ဆေးခြင်းကို ဖြေနိုင်ပါသည်။ ယာဉ်မောင်းစစ်ဆေးမှုတွင် သင်သည် ဘေးကင်းစွာ မောင်းနှင်နိုင်ခြင်း၊ ယာဉ်ကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်း၊ လမ်းစည်းကမ်းအားလုံးကို လိုက်နာနိုင်ခြင်းနှင့် လမ်းပေါ်ရှိ အခြားယာဉ်များနှင့်အတူ ဘေးကင်းစွာ မောင်းနှင်နိုင်ခြင်းတို့ကို ပြသရပါမည်။

VicRoads မှ လိုင်စင်စစ်ဆေးသူသည် သင့်အား စစ်ဆေးရန်အတွက် ကားပေါ်တွင် လိုက်ပါလာပါမည်။ အကယ်၍ သင်သည် အရည်အချင်းပြည့်မီ ယာဉ်မောင်းသင်ကြားသူနှင့်အတူ ထိန်းချုပ်စနစ်နှစ်ခုပါဝင်သည့်ကားဖြင့် ဖြေဆိုပါက၊ သင်ကြားသူသည် ခရီးသည်ထိုင်ခုံတွင် ထိုင်ပါမည်။ ယာဉ်မောင်းသင်ကြားသူနှင့်အတူ မောင်းနှင်နေခြင်းမဟုတ်ပါက သူငယ်ချင်းကဲ့သို့သော အခြားမည်သူ့ကိုမျှ ခေါ်ဆောင်သွားခွင့်မရှိပါ။


အကယ်၍ သင့်အနေဖြင့် စကားပြန်လိုအပ်ပါက တောင်းခံနိုင်ပြီး VicRoads က သင့်အတွက် စီစဉ်ပေးပါလိမ့်မည်။

ကားတိုင်းကို ယာဉ်မောင်းစစ်ဆေးမှု မပြုလုပ်နိုင်ပါ၊ ထို့ကြောင့် သင့်ကားသည် စစ်ဆေးမှုအတွက် သင့်လျော်မှုရှိမရှိ ကြိုတင်စစ်ဆေးထားခြင်းသည် အကြံပြုချက်ကောင်း ဖြစ်ပါသည်။ ဤသတင်းထုတ်ပြန်ချက်ကို VicRoads ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါသည်။




ဤအရင်းအမြစ် ပြုစုရာတွင် ပါဝင်ကူညီပေးခဲ့ကြသော Transport Accident Commission၊ Good Shepherd Dandenong၊ West Justice နှင့် South-East Monash Legal တို့ကိုလည်းကောင်း၊ ဘာသာပြန်သတင်းထုတ်ပြန်ချက်များကို ထည့်သွင်းခွင့်ပြုခဲ့သည့် Starting Out Safely အဖွဲ့ကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

Burmese



# ဗစ်တိုးရီးယားပြည်နယ်တွင် ဘေးကင်းလုံခြုံစွာယာဉ်မောင်းခြင်း

ဩစတြေးလျနိုင်ငံတွင် ယာဉ်မောင်းခြင်းဆိုင်ရာဥပဒေများရှိသည်။ ဤစည်းမျဉ်းများသည် သင့်လုံခြုံရေးနှင့် လမ်းပေါ် ရှိ ယာဉ်အသုံးပြုသူအားလုံး၏ လုံခြုံရေးအတွက် အလွန်အရေးကြီးသည်။

## အရေးကြီးသောလမ်းစည်းကမ်းများ

**သင်သည် ယာဉ်အသွားအလာလမ်းညွှန်ဆိုင်းဘုတ်များကို လိုက်နာရမည်။**
**မီးပွိုင့်များနှင့် အချက်ပြစနစ်များကို လိုက်နာပြီး** သေချာဂရုစိုက်ရမည်။
**သင့်လိုင်စင်၏ အခြေအနေများအားလုံးကို လိုက်နာရမည်။** ဥပမာ - သင်မောင်းလိုင်စင် **(L)** သို့မဟုတ် ယာဉ်မောင်းအသစ်လိုင်စင် **(P)** ရှိပါက သင့်ကား၏ အရှေ့နှင့် အနောက်တွင် **(L)** သို့မဟုတ် **(P)** နံပါတ်ပြားများကို တပ်ဆင်ထားရမည် ဖြစ်ပြီး ခရီးသည်တင်ရန် ကန့်သတ်ချက်များနှင့် မိုဘိုင်းဖုန်းအသုံးပြုရန် ကန့်သတ်ချက်များကိုလည်း လိုက်နာရမည်။
**အမြန်နှုန်း ကန့်သတ်ချက်ကို လိုက်နာရမည်။**
ကားမောင်းနေစဉ် **ထိုင်ခုံခါးပတ်ကို ဝတ်ဆင်ရမည်။** ပခုံးပေါ်တွင်မှန်ကန်စွာဝတ်ဆင်ထားကြောင်း သေချာစေရမည်။ **ကားအတွင်းရှိ လူအားလုံးလည်း ထိုင်ခုံခါးပတ်ကို မှန်ကန်စွာဝတ်ဆင်ထားကြောင်း သင်ကသေချာစေရမည်ဖြစ်ပြီး** ကလေးများကို သူတို့၏ အသက်အရွယ်နှင့် ကိုက်ညီသောကားထိုင်ခုံ **(car seat)** တွင် ဘေးကင်းလုံခြုံစွာထားရမည်။
**အရက် သို့မဟုတ် တရားမဝင် မူးယစ်ဆေးဝါးများ သောက်သုံး/သုံးစွဲထားပြီး ကားမောင်းခြင်းကို တားမြစ်ထားသော ဥပဒေများရှိသည်။** လိုင်စင်အမျိုးအစားအလိုက် စည်းကမ်းများမတူညီနိုင်သည်။ ဤဥပဒေများကို ချိုးဖောက်ပါက ရဲတပ်ဖွဲ့၊ တရားရုံးနှင့် လူမှုအသိုင်းအဝိုင်းတွင် ကြီးမားသော အရေးယူခြင်းခံရနိုင်သည်။ ဒဏ်ငွေများစွာချမှတ်ခြင်း၊ ရာဇဝတ်မှတ်တမ်းရှိခြင်း၊ လိုင်စင်ဖျက်သိမ်းခြင်းနှင့် ကြီးလေးသောအမှုများအတွက် ထောင်ဒဏ်အထိ ခံရနိုင်သည်။

**မိုဘိုင်းဖုန်းများ**

ယာဉ်မောင်းအားလုံးသည် ကားတွင်ဖုန်းတင်ရန်ကိရိယာကို မိုဘိုင်းဖုန်းကဲ့သို့သော စက်ပစ္စည်းများအတွက်ထားရှိသင့်သည်။
ကားမောင်းနေစဉ် မိုဘိုင်းဖုန်းအသုံးပြုခြင်းအတွက် ပြစ်ဒဏ်များရှိသည်။ ဒဏ်ငွေနှင့် သင့်လိုင်စင်ပေါ်တွင် ပြစ်ဒဏ် (demerit points) ၄ မှတ်အထိ ချမှတ်ခံရနိုင်သည်။
လိုင်စင်အမျိုးအစားအလိုက် စည်းကမ်းများ မတူညီနိုင်ပါ။ သင်မောင်းလိုင်စင်၊ ယာဉ်မောင်းအသစ်လိုင်စင် သို့မဟုတ် သက်တမ်းရှိလိုင်စင်ကြီး ကိုင်ဆောင်ထားပါက သက်ဆိုင်ရာစည်းကမ်းများကို သေချာလေ့လာထားရမည်။
ယာဉ်မောင်းနေစဉ် မည်သည့်လိုင်စင်ဖြစ်စေ အချက်အလက်ရိုက်ထည့်ခြင်း (ဥပမာ Google ရှာဖွေခြင်း သို့မဟုတ် ဖုန်းဖြင့်စာပို့ခြင်း)၊ စက်ပစ္စည်းကို ပေါင်ပေါ်တွင် ထားခြင်း၊ခရီးသည်တစ်ဦးထံ လွှဲပြောင်းပေးခြင်း  မလုပ်ရပါ။
ဤလိုအပ်ချက်များကို VicRoads ဝက်ဘ်ဆိုဒ်တွင် စစ်ဆေးနိုင်သည်။
https://www.vicroads.vic.gov.au/
ဤဝက်ဘ်ဆိုဒ်ကိုဘာသာပြန်၍လည်းအသုံးပြုနိုင်သည်။




Westjustice



# ဗစ်တိုးရီးယားပြည်နယ်တွင် ဘေးကင်းလုံခြုံစွာယာဉ်မောင်းခြင်း

## ပြစ်ဒဏ်များ

လမ်းစည်းကမ်းချိုးဖောက်ပါက **ဒဏ်ငွေ သို့မဟုတ် ဒဏ်ငွေပေးချေရန် အကြောင်းကြားစာ** (infringement notice) ကို သတ်မှတ်ရက်အတွင်း ပေးချေရန် လက်ခံရနိုင်သည်။

အချို့သော စည်းကမ်းချိုးဖောက်မှုများအတွက် **ပြစ်ဒဏ်အမှတ်များ** (demerit points) ရနိုင်သည်။ ဥပမာ။ ။ ကားထိုင်ခုံခါးပတ် မှန်ကန်စွာ မဝတ်ဆင်ခြင်း၊ အမြန်နှုန်းကျော်မောင်းခြင်း၊ မီးနီဖြတ်မောင်းခြင်း။

သက်တမ်းရှိလိုင်စင်ကြီး (အပြာရောင်) အတွက် ၃ နှစ်အတွင်း demerit points ၁၁ မှတ်အထိသာ ရနိုင်သည်။

သင်မောင်းလိုင်စင် (အဝါရောင်) သို့မဟုတ် ယာဉ်မောင်းအသစ်လိုင်စင် (အနီ/အစိမ်း) အတွက် ၁၂ လအတွင်း ၄ မှတ်အထိသာ ရနိုင်ပြီး ၃ နှစ်အတွင်း ၁၁ မှတ်ကျော် မရနိုင်ပါ။

သတ်မှတ်ပြစ်ဒဏ်အမှတ်များကျော်လွန်ပါက VicRoads မှ သင့်အား ရွေးချယ်ခွင့် ၂ ခု ပေးပါမည်။

- လိုင်စင်ကို ချက်ချင်း အနည်းဆုံး ၃ လ သို့မဟုတ် ထို့ထက်ပို၍ ပိတ်သိမ်းခြင်း၊
- ပြစ်ဒဏ်အမှတ်ထပ်တိုးတောင်းခံ၍ လိုင်စင်ကို ဆက်လက်ထားရှိရန် ရွေးချယ်နိုင်သည်။ ဆိုလိုသည်မှာ ၁၂ လအတွင်း

မည်သည့်ပြစ်ဒဏ်မျှ (demerit point) ကျူးလွန်၍မရပါ။ ၁၂ လအတွင်း ထပ်မံချိုးဖောက်ပါက ပိုမိုသောပြစ်ဒဏ်နှစ်ဆရရှိကာ လိုင်စင်ချက်ချင်းပိတ်သိမ်း နိုင်သည်။

**သင့်လိုင်စင်ပိတ်သိမ်း/ဖျက်သိမ်းခံရပါက** ကားမောင်းခြင်းကို လုံးဝ မပြုလုပ်ရပါ။ အောက်ပါအခြေအနေများတွင် ပိတ်သိမ်း/ဖျက်သိမ်းခံရနိုင်သည်။

- ကန့်သတ်ပြစ်ဒဏ်အမှတ်များ (demerit point) ကျော်လွန်ခြင်း၊
- အမြန်နှုန်းကန့်သတ်ချက်ထက် တနာရီ ၂၅ ကီလိုမီတာနှင့်အထက် သို့မဟုတ် တနာရီ ၁၃၀ ကီလိုမီတာ သို့မဟုတ် ၁၁၀ ကီလိုမီတာ မောင်းနှင်သောဇုံတွင် သတ်မှတ်ချက်ထက် ပိုမိုမောင်းနှင်ခြင်း
- အရက်မူးမောင်းခြင်း သို့မဟုတ် မူးယစ်ဆေးဝါးသုံးပြီး မောင်းနှင်ခြင်း

ဤစာရင်းသည် သင့်လိုင်စင်ပိတ်သိမ်း/ဖျက်သိမ်းခံရနိုင်သည့် စာရင်းအပြည့်အစုံမဟုတ်ပါ။

အရက်/မူးယစ်ဆေးသုံးစွဲမောင်းနှင်မှုကြောင့် ပယ်ဖျက်ခံရပါက လိုင်စင်ပြန်လည်ရရှိရန်လိုအပ်ချက်များမှာ -

- ယာဉ်မောင်းနှင်မှုဆိုင်ရာအပြုအမူပြောင်းလဲရန် ပညာပေးအစီအစဉ် ပြီးမြောက်ရပါမည်။
- ယာဉ်စတင်မောင်းရန် မတိုင်မီ အရက်မသောက်ထားကြောင်း စစ်ဆေးရန် “interlock device” ကို ကားတွင်

တပ်ဆင်ရမည်။

ဗစ်တိုးရီးယားပြည်နယ်တွင် လိုင်စင်ပိတ်သိမ်းထားစဉ် သို့မဟုတ် ပယ်ဖျက်ထားစဉ် မောင်းနှင်ခြင်းအတွက် ပြင်းထန်သော ပြစ်ဒဏ်များရှိသည်။

အခမဲ့နှင့် လျှို့ဝှက်ဥပဒေအကြံဉာဏ်တောင်းခံရန် ကျွန်တော်/မ တို့ကိုဆက်သွယ်ပါ။


(၀၃)၉၇၄၉၇၇၂၀

admin@westjustice.org.au

Westjustice

Burmese



# အာမခံအကြောင်း နားလည်ခြင်း

အာမခံဆိုသည်မှာ မတော်တဆမှု၊ နာမကျန်းဖြစ်မှု သို့မဟုတ် ခိုးယူခံရမှုကဲ့သို့ မျှော်လင့်မထားသောကိစ္စများ ဖြစ်လာသောအခါ ကုန်ကျစရိတ်အားလုံးကို မပေးဆောင်ရစေရန် ကာကွယ်ပေးသည့်ဝန်ဆောင်မှုဖြစ်သည်။

ကားအာမခံကိုဝယ်ယူသည့်အခါ အာမခံကုမ္ပဏီသို့ အာမခံကြေးများပေးဆောင်ရန် သဘောတူရမည်ဖြစ်ပြီး အပြန်အလှန် အားဖြင့် မတော်တဆကြောင့်ဖြစ်လာသော ဆုံးရှုံးမှုများ၏ ကုန်ကျစရိတ်ကို ကုမ္ပဏီကလျှော့ချပေးခြင်း သို့မဟုတ် အပြည့်အဝ ပေးဆောင်ပေးနိုင်သည်။

သို့သော် အာမခံသည်အန္တရာယ်အားလုံး သို့မဟုတ် ဆုံးရှုံးမှုအမျိုးအစားအားလုံးကိုမပေးလျော်ပါ။

အကယ်၍ သင်သည်ကားမတော်တဆမှုဖြစ်ပွားပြီး အာမခံမရှိပါက မတော်တဆမှုကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှု အားလုံးအတွက် သင်ကိုယ်တိုင်ပေးလျော်ရနိုင်ပါသည်။

## ကားမှတ်ပုံတင်သောအခါ အလိုအလျောက်ရရှိသော အာမခံ

**ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရရှိခြင်းအတွက် အာမခံ – Transport Accident Commission (TAC)**

ဗစ်တိုးရီးယားပြည်နယ်တွင် သင့်ကားကို မှတ်ပုံတင်သည့်အခါ ကားမှတ်ပုံတင်ကြေးတွင် ကားမတော်တဆမှုကြောင့် ဖြစ်ပေါ်သော ထိခိုက်ဒဏ်ရာများအတွက် အာမခံပါဝင်ပြီးဖြစ်သည်။ ၎င်းကို ယာဉ်တိုက်မှုအာမခံငွေ (TAC) ဟုခေါ်သည်။

ဤအာမခံသည် ကားမတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသစရိတ်များကို ပံ့ပိုးပေးပြီး မတော်တဆမှုကြောင့် အလုပ်မလုပ်နိုင်တော့ပါက ဝင်ငွေဆုံးရှုံးမှုအတွက်လည်း ကူညီပေးနိုင်သည်။

သင်၏ရုပ်ပိုင်းဆိုင်ရာ သို့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ပါက TAC သို့ လျော်ကြေးတောင်းဆိုမှု (Claim) ကို မတော်တဆမှု ဖြစ်ပွားသည့်နေ့မှ ၁၂ လအတွင်း သို့မဟုတ် ကားမတော်တဆမှုကြောင့်ရရှိသောဒဏ်ရာကို သိရှိလာသည့်နေ့မှ ၁၂ လ အတွင်း တင်သွင်းရမည်။

## အာမခံကုမ္ပဏီထံမှဝယ်ယူရသောအာမခံ

အာမခံအသေးစိတ်အချက်အလက်များကို Product Disclosure Statement (PDS) နှင့် Policy Schedule ဟုခေါ်သော စာရွက်စာတမ်းများတွင် ဖော်ပြထားပြီး အာမခံကုမ္ပဏီက သင့်အားပေးအပ်မည်ဖြစ်သည်။ အာမခံလျော်ကြေး တောင်းဆိုသောအခါ Excess ဟုခေါ်သော မိမိဘက်မှ အာမခံတောင်းခံလျှင် ပေးဆောင်ရသည့် ငွေပမာဏတစ်ခုကို ပေးရနိုင်ပါသည်။

**အခြားသူ၏ပစ္စည်းဥစ္စာများပျက်စီးသောအခါလျော်ပေးသောအာမခံ (Third Party Property Damage Insurance) သို့ အခြားသူ၏ ပစ္စည်းများပျက်စီးဆုံးရှုံးမှု (Third Party Property Damage) ၊ မီးနှင့်ခိုးယူမှုအာမခံ (Fire and Theft Insurance)**

Third Party Property Damage Insurance သည် သင့်ကြောင့် အခြားသူ၏ ကား သို့မဟုတ် အခြားသူ၏ ပစ္စည်းဥစ္စာများ (ဥပမာ၊ခြံစည်းရိုး၊ အိမ်စသည်) ပျက်စီးသွားပါက ၎င်းတို့အားပြုပြင်ခြင်း သို့မဟုတ် ကုန်ကျစရိတ်ကို ပေးလျော်ပါသည်။

အကယ်၍ မီးလောင်မှု နှင့် ခိုးယူခံရမှုအတွက်အာမခံပါဝင်ပါက သင့်ကား ခိုးယူခံရခြင်း၊ ခိုးယူရန်ကြိုးပမ်းမှုကြောင့်ပျက်စီးခြင်း သို့မဟုတ် မီးလောင်ပျက်စီးခြင်းများအတွက် သတ်မှတ်ထားသောပမာဏအထိလည်း အာမခံပေးနိုင်သည်။ သို့သော်ဤအာမခံသည် မတော်တဆမှုတွင် သင်၏ကားပျက်စီးမှုအတွက် ကုန်ကျစရိတ်ကို မပေးလျော်ပါ။

ဤအာမခံသည် ရွေးချယ်ဝယ်ယူရသော (Optional) အာမခံဖြစ်ပြီး ကားမှတ်ပုံတင်ခြင်းကိုသီးခြားစီဝယ်ယူရမည်ဖြစ်သည်။

အကယ်၍ မတော်တဆမှုတွင် အခြားယာဉ်မောင်းက အပြစ်ရှိပြီး ၎င်းတွင် အာမခံမရှိပါက Third Party Property Insurance မူဝါဒအောက်ရှိ အာမခံမရှိသော ယာဉ်မောင်းကြောင့် ဖြစ်ပေါ်သော ပျက်စီးမှုကာကွယ်ခြင်း (UME) အကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။

Westjustice



# အာမခံအကြောင်း နားလည်ခြင်း

**ပစ္စည်းပျက်စီးမှု အပြည့်အစုံအာမခံ (Comprehensive Property Damage Insurance)**

၎င်းအာမခံသည် မတော်တဆမှုတစ်ခုတွင် သင့်ကြောင့် အခြားသူ၏ကား သို့မဟုတ် ပစ္စည်းဥစ္စာများ (ဥပမာ၊ခြံစည်းရိုး၊ အိမ် စသည်) ပျက်စီးသွားပါက ၎င်းတို့အားပြုပြင်ခြင်း သို့မဟုတ် လျော်ကြေးကုန်ကျစရိတ်ကိုပေးသည့်အပြင် သင်၏ကားပျက်စီးမှု ကိုလည်း အလျော်ပေးပါသည်။ ထို့အပြင် သင့်ကားခိုးယူခံရခြင်း၊ ခိုးယူရန်ကြိုးပမ်းမှုကြောင့် ပျက်စီးခြင်း သို့မဟုတ် မီးလောင် ပျက်စီးခြင်းများအတွက်လည်း အာမခံအလျော်ပေးပါသည်။

အာမခံကုမ္ပဏီမှ မည်မျှအထိလျော်ကြေးပေးမည်ဆိုသည့် အသေးစိတ်အချက်အလက်များကို Product Disclosure Statement (PDS) နှင့် Policy Schedule စာရွက်စာတမ်းများတွင် ဖော်ပြထားပြီး ၄င်းကိုအာမခံကုမ္ပဏီက ပေးမည် ဖြစ်သည်။ ၎င်းအာမခံသည် ရွေးချယ်ဝယ်ယူရသော (Optional) အာမခံဖြစ်ပြီး ကားမှတ်ပုံတင်ကြေးတွင် မပါဝင်သဖြင့် သီးခြားဝယ်ယူရမည်ဖြစ်သည်။

**ကားမတော်တဆမှု ဖြစ်ပွားပါက ဘာလုပ်သင့်သလဲ**

- သင့်ကားကို လုံခြုံသောနေရာတွင် ရပ်တန့်ပြီး ထိခိုက်ဒဏ်ရာရသူ ရှိ၊ မရှိ စစ်ဆေးပါ။ မရပ်ဘဲဆက်လက်မောင်းနှင်ပါက ဥပဒေကိုချိုးဖောက်ရာရောက်ပါသည်။
- တစ်စုံတစ်ဦးထိခိုက်ဒဏ်ရာရရှိပါက 000 သို့ ဖုန်းခေါ်ပြီး ရဲနှင့်လူနာတင်ယာဉ်ကို အခင်းဖြစ်ရာနေရာသို့ လာရောက်ရန် တောင်းဆိုပါ။
- အခြားယာဉ်မောင်းနှင့် ထိခိုက်ဒဏ်ရာရသူများအား သင့်အမည်၊ လိပ်စာနှင့် ကားမှတ်ပုံတင်နံပါတ်ကိုပေးရပါမည်။ သင်မောင်းသောကားသည် သင်၏အပိုင်မဟုတ်ပါက ကားပိုင်ရှင်၏ ကိုယ်ရေးအချက်အလက်များကိုလည်း ပေးသင့် ပါသည်။ ဥပဒေအရမလိုအပ်သော်လည်း အခြားယာဉ်မောင်း၏ဖုန်းနံပါတ်နှင့် အာမခံကုမ္ပဏီအချက်အလက်များကို တောင်းယူထားလျှင် ကောင်းပါသည်။
- အခြားယာဉ်မောင်းနှင့် မျက်မြင်သက်သေများ၏ အမည်၊ လိပ်စာနှင့်ကားမှတ်ပုံတင်နံပါတ်တို့ကို တောင်းယူပါ။ ဥပဒေအရ မလိုအပ်သော်လည်း ဖုန်းနံပါတ်နှင့် အာမခံကုမ္ပဏီအချက်အလက်များကို အပြန်အလှန် ဖလှယ်ထားခြင်းသည် ကောင်းပါသည်။
- သင့်ကား၊ ယာဉ်တိုက်ရာတွင်ပါဝင်သောကားများနှင့် အနီးနားရှိ ပုဂ္ဂလိကပိုင်ပစ္စည်းဥစ္စာများထိခိုက်ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးပါ။ လုံခြုံစိတ်ချရပါက ကားများနှင့် ပျက်စီးသွားသော ပစ္စည်းများကိုဓာတ်ပုံရိုက်ကူးထားပါ။
- ရဲတပ်ဖွဲ့ အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာပါက သင့်ကိုယ်ရေးအချက်အလက်များကိုပေးပြီး မတော်တဆမှု မည်သို့ဖြစ်ပွားခဲ့သည်ကို ရှင်းပြပါ။ အခြားယာဉ်မောင်းက ၎င်း၏ကိုယ်ရေးအချက်အလက်များကို မပေးပါက ရဲတပ်ဖွဲ့ထံ အကြောင်းကြားပါ။
- အပြစ်ရှိကြောင်း ဝန်မခံပါနှင့်။ ဆိုလိုသည်မှာ ယာဉ်မတော်တဆမှုသည် မိမိ၏အမှားကြောင့် ဖြစ်ပွားခဲ့သည်ဟုသဘောမတူပါနှင့်။
- မတော်တဆမှုဖြစ်ပွားခဲ့သည်၊ မည်သည့်နေရာတွင် မည်သို့ဖြစ်ပွားခဲ့သည်တို့ကိုရေးမှတ်ထားပါ။
- မတော်တဆမှုဖြစ်ပွားပြီးသည်နှင့် အမြန်ဆုံးသင်၏အာမခံကုမ္ပဏီသို့ အကြောင်းကြားပါ။

အခမဲ့နှင့် လျှို့ဝှက်ဥပဒေအကြံဉာဏ်တောင်းခံလိုပါက ဆက်သွယ်ရန်


(၀၃) ၉၇၄၉ ၇၇၂၀

admin@westjustice.org.au

Westjustice